ရွေးကောက်ပွဲဆိုင်ရာ
ပြည်သူ့လှုပ်ရှားမှုအဖွဲ့
PEOPLE'S ALLIANCE FOR CREDIBLE ELECTIONS

အမှတ် ၁၄၊ စံရိပ်ငြိမ် ၅ လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့
+၉၅ ၉၂၅၃၃၇၉၄၄၂
14, San Yeik Nyein Street 5,
Kamayut Township, Yangon
+95 9253379442
www.pacemyanmar.org

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုကနဦးအစီရင်ခံစာ

ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့

နိုဝင်ဘာလ ၉ ရက်၊ ၂၀၂၀ ပြည့်နှစ်

## ကျေးဇူးတင်လွှာ

ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (People's Alliance for Credible Elections-PACE) အနေဖြင့် စောင့်ကြည့်လေ့လာမှုတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ကာလရှည်/ကာလတို စောင့်ကြည့်လေ့လာသူများ၊ သင်တန်းဆရာများနှင့်သင်တန်းလက်ထောက်များ အားလုံးကို ကျေးဇူးဥပကာရ အထူးတင်လိုပါသည်။ ထို့အပြင် တိုင်းဒေသကြီး/ပြည်နယ် ညှိနှိုင်းရေးမှူး ၁၆ ဦး၏ ဆောင်ရွက်မှု၊ ကြိုးပမ်းအားထုတ်မှုတို့ မပါဝင်ပါက PACE အဖွဲ့အနေဖြင့် ဤစောင့်ကြည့်လေ့လာမှု လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်မည် မဟုတ်ပါ။ ထို့နောက် PACE အဖွဲ့၏ အချက်အလက်စင်တာတွင် လာရောက် လုပ်အားပေးကြသည့် အချက်အလက်စင်တာ လုပ်အားပေးများကိုလည်း အဖွဲ့မှ အထူးကျေးဇူးတင်ပါသည်။ ၎င်းတို့၏ တိကျမှုနှင့် သေချာမှုတို့ကြောင့် PACE အဖွဲ့က ဤအစီရင်ခံစာကို ယုံကြည်မှုအပြည့်ဖြင့် ထုတ်ပြန်နိုင်ခဲ့ပါသည်။

ထို့အပြင် ငွေကြေးဆိုင်ရာနှင့် နည်းပညာဆိုင်ရာ အထောက်အပံ့များပေးအပ်ခဲ့သော United Kingdom ၏ ဌာနတစ်ခုဖြစ်သည့် Foreign Commonwealth and Development Office/FCDO (ယခင် DFID/Ukaid-Department for International Development)၊ Norwegian People's Aid (NPA)၊ US Agency for International Development (USAID)၊ National Endowment for Democracy (NED) နှင့် NDI (National Democratic Institute for International Affairs) ကိုလည်း အထူးကျေးဇူးတင်ပါသည်။ ယင်းအထောက်အပံ့များကြောင့် PACE အဖွဲ့အနေဖြင့် ဤစစ်တမ်းကို အချိန်ကာလကိုက် ကောက်ယူနိုင်ခဲ့ခြင်းဖြစ်ပါသည်။

## ၁။ တွေ့ရှိချက်အကျဉ်း

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၏ ရွေးကောက်ပွဲနေ့ဖြစ်စဉ်တစ်ခုလုံးကို ခြုံငုံကြည့်ပါက ယေဘုယျအားဖြင့် တည်ငြိမ်အေးချမ်းကာ ကြီးမားသည့်ပြဿနာတစ်စုံတစ်ရာမရှိသည်ကိုတွေ့ရပါသည်။ COVID-19 ကပ်ရောဂါကြောင့် စိန်ခေါ်မှုနှင့် အကန့်အသတ်များရှိသော်လည်း ရွေးကောက်ပွဲနေ့ဖြစ်စဉ်ကို တတ်နိုင်သမျှအကောင်းဆုံး စီမံခန့်ခွဲခဲ့ကြသည့် မဲရုံဝန်ထမ်းများအားလုံးကို အထူးကျေးဇူးတင်လိုပါသည်။ ရွေးကောက်ပွဲနေ့ဖြစ်စဉ်ကို နမူနာရွေးထုတ်စောင့်ကြည့်လေ့လာသည့်နည်းစနစ်ဖြင့် အကဲဖြတ်ရာတွင် PACE က ဖြစ်စဉ်၏ ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်နိုင်မှုနှင့် တာဝန်ခံမှုတို့ကို တိုင်းတာပါသည်။ ရွေးကောက်ပွဲနေ့ဖြစ်စဉ်အား စောင့်ကြည့်လေ့လာရန် PACE က ကာလတို စောင့်ကြည့်လေ့လာသူ ၁၈၈၅ ဦးနှင့် မဲရလဒ်စုစည်းရေတွက်ခြင်းကိုစောင့်ကြည့်ရန် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ ကာလရှည်စောင့်ကြည့်လေ့လာသူ ၃၀၇ တို့အား စေလွှတ်ခဲ့ပါသည်။

ယေဘုယျအားဖြင့် ရွေးကောက်ပွဲနေ့စီမံခန့်ခွဲမှုများနှင့်ပတ်သက်၍ ကြီးမားသောအမှားအယွင်းများကို မတွေ့ရချေ။ စောင့်ကြည့်လေ့လာသူများ၏ အခန်းကဏ္ဍနှင့် လုပ်ထုံးလုပ်နည်းများအပေါ် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က သိရှိနားလည်မှုလွဲမှားသဖြင့် PACE အဖွဲ့၏ ကာလတို

နှင့် ကာလရှည်စောင့်ကြည့်လေ့လာသူများကို စောင့်ကြည့်ခွင့်ပြုရန် ငြင်းဆန်ခဲ့မှုအချို့ ကြုံတွေ့ခဲ့ရပါသည်။ ရွေးကောက်ပွဲဖြစ်စဉ်၏ ပွင့်လင်းမြင်သာမှုကို တိုင်းတာနိုင်သည့် အညွှန်းကိန်းများအနက် တစ်ခုမှာ စောင့်ကြည့်လေ့လာခွင့်ပင်ဖြစ်ပါသည်။ အများအားဖြင့် ရွေးကောက်ပွဲနေ့ဖြစ်စဉ်တစ်ခုလုံးကို အပြည့်အဝစောင့်ကြည့်လေ့လာခွင့်ရခဲ့သော်လည်း မဲရုံများ၏ ၈% ခန့်တွင် အချို့အချိန်များ၌ မဲရုံပြင်ပမှစောင့်ကြည့်ရန်ညွှန်ကြားခြင်း သို့မဟုတ် မဲရုံပြင်ပမှသာ စောင့်ကြည့်စေခြင်းတို့ရှိခဲ့ပါသည်။

မဲရုံခင်းကျင်းပြင်ဆင်ပုံမှာ ရွေးကောက်ပွဲဖြစ်စဉ်၏ အရည်အသွေးနှင့် မဲဆန္ဒရှင်များအားလုံး၏ ပါဝင်ခွင့်ကို တိုင်းတာနိုင်သည့် အခြေခံအကျဆုံး စံနှုန်းတစ်ခုဖြစ်ပါသည်။ မဲရုံပြင်ဆင်ထားပုံမှာ သာမန်အားဖြင့် မဲဆန္ဒရှင်များ အလွယ်တကူဝင်ထွက်သွားလာနိုင်သော်လည်း မဲရုံများ၏ လေးပုံတစ်ပုံခန့်တွင်သာ ဘီးတပ်ကုလားထိုင်ဖြင့်လာရောက်မဲပေးမည့်သူများအတွက် လွယ်ကူချောမွေ့ပြီး မဲရုံအနည်းငယ်တွင်သာ ၎င်းတို့ မဲပေးမှုလွယ်ကူစေရန် သီးသန့်မဲပေးခန်းရှိသည်ကိုတွေ့ရပါသည်။ COVID-19 ကပ်ရောဂါကာကွယ်ရန်ပြင်ဆင်ထားမှုမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပါသည်။ မဲဆန္ဒရှင်အားလုံးနီးပါးကို နှာခေါင်းစည်းတပ်ဆင်ရန် ကြီးကြပ်နိုင်ခဲ့သော်လည်း ခြောက်ပေကွာတန်းစီခြင်းကို နေရာအချို့တွင် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသည်ကို တွေ့ရပါသည်။ ကျား-မပါဝင်မှုအချိုးအစားအရ ၆၆% က အမျိုးသမီးမဲရုံမှူးများ ဖြစ်ကြပြီး မဲရုံဝန်ထမ်းများ၏ ၆၅% မှာလည်း အမျိုးသမီးများပင် ဖြစ်ကြပါသည်။ မဲရုံအားလုံးတွင် မဲပေးခြင်းလုပ်ငန်းစဉ်အတွက် လိုအပ်သည့် ပစ္စည်းများ အပြည့်အစုံရှိကြသော်လည်း မဲရုံများ၏ လေးပုံတစ်ပုံတွင် မဲစာရင်းပွင့်လင်းမြင်သာမှုအတွက် အရေးကြီးသည့် ပုံစံ ၁၃ (မဲဆန္ဒတွင်းကြိုတင်မဲစာရင်းများ) ကပ်ထားခြင်းမရှိသည်ကို တွေ့ရပါသည်။

မဲဆန္ဒရှင်စာရင်း၏ အရည်အသွေးနှင့်ပတ်သက်၍ မဲရုံများ၏ သုံးပုံတစ်ပုံခန့်တွင် လူ ၁ဦး မှ ၁၀ဦး ခန့်က မဲစာရင်းတွင် အမည်မပါ သဖြင့် မဲပေးခွင့်မရရှိဘဲ ပြန်သွားရခြင်းနှင့် မဲရုံအနည်းငယ်တွင်လည်း လူ ၁ဦး မှ ၁၀ဦး ခန့်က မဲစာရင်းတွင် အမည်မပါသော်လည်း မဲပေးခွင့်ရခဲ့သည့် ဖြစ်ရပ်များကို တွေ့ရှိရပါသည်။

မဲရုံအားလုံးနီးပါးတွင် မဲရေတွက်ခြင်းဖြစ်စဉ်ကို အချိန်ပြည့်စောင့်ကြည့်လေ့လာခွင့်ရရှိသော်လည်း နေရာအနည်းငယ်တွင် အချိန်ပိုင်းဖြင့်သာ စောင့်ကြည့်လေ့လာခွင့်ရရှိခဲ့ပါသည်။ မဲရေတွက်ခြင်းလုပ်ငန်းစဉ်နှင့် ပတ်သက်၍ မဲလက်မှတ်များကို အသေအချာပြသခြင်း၊ ပယ်မဲ/ခိုင်လုံမဲများဆုံးဖြတ်ရာတွင် ရှေ့နောက်ညီညွတ်ခြင်း၊ မဲလက်မှတ်များနှင့် ပုံစံများကို သေချာစွာသိမ်းဆည်းခြင်း စသည်တို့နှင့် ပတ်သက်၍ နေရာအနည်းငယ်မှလွဲ၍ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ကြသည်ကိုတွေ့ရပါသည်။ စောဒကတက်မှုများနှင့် ပတ်သက်၍ NLD ပါတီနှင့် USDP က အများဆုံးစောဒကတက်သည့်ပါတီများဖြစ်ကြသည်ကို တွေ့ရပါသည်။ လမ်းညွှန်မှုများအတိုင်း မဲရုံအားလုံးနီးပါးတွင် ပုံစံ ၁၆ များကို ကြေညာပြသထားကြသော်လည်း အနည်းငယ် (၇%) ခန့်တွင် ကြေညာပြသထားခြင်း မရှိသည်ကို တွေ့ရပါသည်။

## ၂။ ၂၀၂၀ အထွေထွေရွေးကောက်ပွဲ၏ နောက်ခံအကျဉ်း

၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှ စတင်ရေတွက်ပါက ယခု ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ မြန်မာနိုင်ငံတွင် တတိယအကြိမ်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲများဖြစ်ပြီး ၂၀၁၅ ခုနှစ်ကဲ့သို့ပင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်အတွက် အရေးကြီးသည့် ရွေးကောက်ပွဲများဖြစ်ပါသည်။ နိုင်ငံရေးပါတီပေါင်း ၉၁ ပါတီမှ ကိုယ်စားလှယ်လောင်း ၅,၆၄၃[1] ဦးက လွှတ်တော်နေရာ ၁,၁၇၃ နေရာအတွက် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပါသည်။ ယခုလာမည့် ရွေးကောက်ပွဲများသည်လည်း ယခင်ရွေးကောက်ပွဲများနည်းတူ ကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား ယုံကြည်မှု၊ မဲဆန္ဒရှင်စာရင်းစသည့် ပြဿနာများနှင့် ရင်ဆိုင်ရသည့်

[1] ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပထမအတည်ပြုကြေညာစဉ် ကိုယ်စားလှယ်လောင်း ၆,၉၆၉ ဦး၊ UDP ပါတီ ဖျက်သိမ်းခံရသဖြင့် ပယ်ဖျက်ခံရသော ကိုယ်စားလှယ်လောင်း ၁,၁၃၀ ဦး၊ ရွေးကောက်ပွဲမကျင်းပနိုင်သော မဲဆန္ဒနယ်များ ပယ်ဖျက်သဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ဆုံးရှုံးသော ကိုယ်စားလှယ်လောင်း ၁၈၉ ဦး၊ ရွေးကောက်ပွဲဥပဒေအရ အရည်အချင်းမပြည့်မီသဖြင့် ပယ်ဖျက်ခံရသော ကိုယ်စားလှယ်လောင်း ၄ ဦး၊ ကွယ်လွန်သွားသော ကိုယ်စားလှယ်လောင်း ၃ ဦး၊ လက်ရှိကိုယ်စားလှယ်လောင်း ၅,၆၄၃ ဦး

အပြင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မဲဆန္ဒရှင်များ၊ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲကော်မရှင်နှင့် အရပ်ဘက်အဖွဲ့အစည်းများ အားလုံးအတွက် ယခင်ကမကြုံဖူးသည့် ကြီးမားသည့် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရပါသည်။ ကိုယ်စားလှယ်လောင်းများအနေဖြင့် ယခင်ရွေးကောက်ပွဲများကဲ့သို့ မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခွင့်မရချေ။ အထူးသဖြင့် ဒေသတစ်ခုလုံးအတိုင်းအတာဖြင့် Stay-at-home အမိန့်ထုတ်ပြန်သည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်များတွင် မဲဆွယ်စည်းရုံးရေး လှုပ်ရှားမှုများကို ဆောင်ရွက်နိုင်ခြင်း မရှိကြသည်ကိုတွေ့ရပါသည်။ အကျိုးဆက်အနေဖြင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် နှိုင်းယှဉ်ပါက မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများမှာ သိသိသာသာ နည်းပါးသွားပါသည်။ ထို့ပြင် ကိုယ်စားလှယ်လောင်းများအနေဖြင့် ၎င်းတို့၏ မူဝါဒများ၊ မဲဆွယ်စည်းရုံးရေး ကတိကဝတ်များကို မဲဆန္ဒရှင်များနှင့် အပြန်အလှန်ဆွေးနွေးခြင်း၊ ရှင်းလင်းတင်ပြခြင်းများ ပြုလုပ်နိုင်ရန်အတွက် ကြီးမားသည့် အဟန့်အတားဖြစ်သည့်အားလျော်စွာ ငွေကြေးအရင်းအမြစ်၊ သတင်းမီဒီယာနှင့် လူမှုမီဒီယာကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်သည့်ပါတီများနှင့် အထက်ပါအရင်းအမြစ်များကို လုံလုံလောက်လောက် သုံးစွဲနိုင်ခြင်းမရှိသည့် ပါတီများအကြား မဲဆွယ်စည်းရုံးရေး အခွင့်အလမ်း မညီမမျှဖြစ်စေသကဲ့သို့ပင် အာဏာရပါတီနှင့် အခြားပါတီများအကြား မဲဆွယ်စည်းရုံးရေး အခွင့်အလမ်း မညီမျှမှုကို ကြီးမားစွာ ဖြစ်စေခဲ့ပါသည်။ ပါတီအချို့က ရွေးကောက်ပွဲများကို သင့်တော်သည့် အချိန်အထိ ရွှေ့ဆိုင်းရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ အိတ်ဖွင့်ပေးစာများ ပေးပို့ခဲ့ကြသည်ကိုလည်းတွေ့ရပါသည်။

ယခင်ရွေးကောက်ပွဲများနှင့် ကွာခြားသည့် အချက်အချို့မှာ နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးရေးကျင့်ဝတ်ကို နိုင်ငံရေးပါတီ ၂၆ ခု[2]က လက်မှတ်ထိုးရန် ငြင်းဆန်ခဲ့သည့်အပြင် နိုင်ငံရေးပါတီ အနည်းဆုံး ၆ ခုက ၎င်းတို့၏ မဲဆွယ်စည်းရုံးရေးဟောပြောမှုများကို ကော်မရှင်က ဆင်ဆာဖြတ်တောက်ခဲ့သဖြင့် နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် ရေဒီယိုလိုင်းများဖြစ်သည့် မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုတို့တွင် ထုတ်လွှင့်ခြင်းမပြုရန် ဆုံးဖြတ်ခဲ့သည်ကိုတွေ့ရပါသည်။ ယခင်ရွေးကောက်ပွဲများတွင် တွေ့ရလေ့ရှိသည့် ပါတီထောက်ခံသူများအကြား ခိုက်ရန်ဖြစ်ပွားခြင်း၊ မဲဆွယ်စည်းရုံးရေးပစ္စည်းများ ဖျက်ဆီးခံရခြင်းဖြစ်ရပ်များကို ယခုကာလတွင်လည်း တွေ့ရှိရပါသည်။ သို့သော် လည်း ပထမဆုံးအကြိမ်အဖြစ် ယခုနှစ်ရွေးကောက်ပွဲတွင် မဲဆွယ်စည်းရုံးနေစဉ်အတွင်း NLD ပါတီမှ ကိုယ်စားလှယ်လောင်း ၃ ဦး ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသော ဖြစ်ရပ်နှင့် နိုဝင်ဘာလ ၆ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲရုံးဝင်းအတွင်း ဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှုတို့သည် ရွေးကောက်ပွဲဖြစ်စဉ်၏ လုံခြုံရေးပိုင်းဆိုင်ရာ စိန်ခေါ်မှုများအဖြစ် တွေ့ရှိခဲ့ရပါသည်။ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ မြို့နယ် ၁၅ ခုလုံးမှ ရွေးကောက်ပွဲများကို ပယ်ဖျက်ခြင်းအပြင် မြို့နယ် ၄၂ ခုတွင် တစ်စိတ်တစ်ပိုင်းပယ်ဖျက်ခြင်းမှာ ရွေးကောက်ပွဲဖြစ်စဉ်တွင် နိုင်ငံသားများ၏ ပါဝင်ခွင့် ဆုံးရှုံးရခြင်းသာမက မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်အပေါ် ကြီးမားသည့်သက်ရောက်မှု ဖြစ်စေခဲ့ပါသည်။

နိုင်ငံသားများ ရွေးကောက်ပွဲတွင် ပါဝင်မဲပေးရေးမှာလည်း ယခုနှစ်ရွေးကောက်ပွဲများအတွက် ကြီးမားသည့် နောက်ထပ်စိန်ခေါ်မှုတစ်ခုပင် ဖြစ်ပါသည်။ PACE အဖွဲ့က ဩဂုတ်လတွင်ကောက်ယူခဲ့သည့် ရွေးကောက်ပွဲအကြိုစစ်တမ်းအရ လူအများစုက ရွေးကောက်ပွဲနှင့် ပတ်သက်၍ စိတ်ဝင်စားမှုရှိသော်လည်း ကျိန်းသေမဲပေးမည်ဟု ဆုံးဖြတ်ထားသူမှာ တစ်နိုင်ငံလုံးအတိုင်းအတာအရ ၄၅% သာရှိပြီး ပြည်နယ်များတွင် ကျိန်းသေမဲပေးမည်ဟု ဖြေဆိုသူ ၃၅% သာ ရှိသည်ကိုတွေ့ရပါသည်။[3]

ယခင်ရွေးကောက်ပွဲများနှင့် နှိုင်းယှဉ်ပါက နောက်ထပ်ကွာခြားသည့်အချက်မှာ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားသည့်ကာလတွင် ကျင်းပ သည့် ရွေးကောက်ပွဲများ ဖြစ်သဖြင့် ကော်မရှင်အနေဖြင့် မဲဆန္ဒရှင်များ လုံလောက်သည့် သတင်းအချက်အလက်များရရှိရေး၊ ပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်းများ စနစ်တကျ ပြင်ဆင်မှုပြုလုပ်နိုင်ရေးအတွက် ယခင်ကာလများထက် ပိုမိုကောင်းမွန်ထိရောက်သည့် အစီအမံများနှင့် ပြင်ပဆက်သွယ်ရေး ဗျူဟာများ၊ နည်းနာများလိုအပ်ပါသည်။ သို့သော်လည်း ကော်မရှင်အနေဖြင့် မဲဆန္ဒရှင်စာရင်း ကြေညာပြသမည့်ရက်၊ မဲဆွယ်စည်းရုံးရေးကာလနှင့် ကြိုတင်မဲပေးရမည့် အချိန်စာရင်းများကို အချိန်အလွန်နီးကပ်မှ ထုတ်ပြန်သည့်

---

2 ၂၀၁၅ တွင် ပါတီ ၉၁ ပါတီအနက် ၈၅ ပါတီက လက်မှတ်ရေးထိုးခဲ့ပါသည်။

3 https://www.pacemyanmar.org/pre-election-2020/

အတွက် အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် အသိပညာပေးလုပ်ငန်းများနှင့် စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ရန် အဆင်သင့် မဖြစ်ခဲ့ချေ။ ထို့အပြင် နိုင်ငံတကာနှင့် ပြည်တွင်းစောင့်ကြည့်လေ့လာရေး အဖွဲ့အစည်းများ၏ ကျင့်ဝတ်များ၊ မဲဆွယ်စည်းရုံးရေး လုပ်ထုံး လုပ်နည်းများနှင့် ရွေးကောက်ပွဲများမကျင်းပသည့်နယ်မြေများ စသည့်ကိစ္စများတွင် ရွေးကောက်ပွဲနှင့်ဆက်စပ်နေသည့် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ခြင်းမရှိဘဲ ဆုံးဖြတ်ခဲ့သည့်အတွက် နိုင်ငံရေးပါတီများနှင့် ကော်မရှင်အကြား တင်းမာမှု ပိုမိုကြီးမား စေခဲ့ပါသည်။ ပွင့်လင်းမြင်သာမှုနှင့် နိုင်ငံသားအားလုံးပါဝင်ဆောင်ရွက်ခွင့်မှာ ရွေးကောက်ပွဲဖြစ်စဉ်၏ သမာသမတ်ကျမှုကို တိုင်းတာ သည့် ဒီမိုကရေစီစံနှုန်းများ ဖြစ်ကြပါသည်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများ၊ ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာနကဲ့သို့ အခြားအစိုးရဌာနများနှင့် ပိုမိုထိရောက်သည့် ပြင်ပဆက်သွယ်ရေးဗျူဟာ ထားရှိရန် လိုအပ်သကဲ့သို့ပင် ရွေးကောက်ပွဲဖြစ်စဉ်အတွင်း အရပ်ဘက်အဖွဲ့အစည်းများ ပိုမိုထိရောက်စွာ ပါဝင်ခွင့်ရရေးကို အာမခံချက်ပေးရန် လိုအပ်ပါသည်။

## ၃။ မဲဆန္ဒနယ်တွင်းကြိုတင်မဲပေးခြင်း

နိုဝင်ဘာ ၃ ရက်မှ ၇ ရက်နေ့အတွင်း  မဲဆန္ဒနယ်တွင်းကြိုတင်မဲပေးမှုဖြစ်စဉ်ကို စောင့်ကြည့်လေ့လာနိုင်ရန်အတွက် ရပ်ကွက်နှင့် ကျေးရွာ ၆၃၃ ခုတွင် ကာလရှည်စောင့်ကြည့်လေ့လာသူ ၃၀၈  ဦးကို PACE အဖွဲ့က တာဝန်ပေးခဲ့သည်။ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြိုတင်မဲ ပေးခြင်းဖြစ်စဉ်နှင့် ကြိုတင်မဲလိုက်လံကောက်ယူသည့် ဖြစ်စဉ်နှစ်ခုလုံး၏ အရည်အသွေးကို ဆန်းစစ်လေ့လာခဲ့သည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ကြိုတင်မဲပေးခြင်းနှင့် ပတ်သက်သည့် အချိန်စာရင်းကို ကြိုတင်မဲပေးခြင်း မစတင်မီ ရက်အနည်းငယ်တွင်မှ ထုတ်ပြန်ခဲ့သဖြင့် နိုဝင်ဘာ ၃ ရက်မတိုင်မီ ကြိုတင်မဲပေးခြင်းကို စောင့်ကြည့်လေ့လာရန်အတွက် ပြင်ဆင်မှုပြုလုပ်ရန် အချိန်မလုံလောက် သဖြင့် စောင့်ကြည့်လေ့လာမှု ပြုလုပ်နိုင်ခဲ့ခြင်းမရှိပါ။ ထို့အပြင် အစိုးရအဖွဲ့အစည်းများနှင့် COVID-19 ကွာရန်တင်းစင်တာများက ဦးစီး ကျင်းပသည့် မဲဆန္ဒနယ်ပြင်ပကြိုတင်မဲပေးခြင်းလုပ်ငန်းမှာလည်း အချိန်စာရင်းနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ပွင့်လင်းမြင်သာမှု မရှိသဖြင့် စောင့်ကြည့်လေ့လာနိုင်ခဲ့ခြင်းမရှိပါ။ ငါးရက်တာစောင့်ကြည့်လေ့လာမှုများမှ အဓိကတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

- စောင့်ကြည့်လေ့လာခဲ့သည့် နေရာအများစုတွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ကြိုတင်မဲပေးမှုနှင့် ကြိုတင်မဲလိုက်လံ ကောက်ယူသည့် ဖြစ်စဉ်နှစ်ခုလုံးတွင် စောင့်ကြည့်လေ့လာသူများအနေဖြင့် ကန့်သတ်မှုများမရှိဘဲ စောင့်ကြည့်လေ့လာခွင့်ရခဲ့ သည်။ တစ်နေရာတွင်မူ ကော်မရှင်အဖွဲ့ခွဲရုံးအတွင်း ဝင်ရောက်စောင့်ကြည့်လေ့လာခွင့်မရခဲ့သည့် အဖြစ်အပျက်တစ်ခု ရှိခဲ့ပါ သည်။

- စောင့်ကြည့်လေ့လာခွင့်ရခဲ့သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၏ ၉၆% တွင် ကြိုတင်မဲပေးမှုနှင့် ကြိုတင်မဲလိုက်လံ ကောက်ယူသည့် ဖြစ်စဉ်နှစ်ခုစလုံး၌ မဲဆန္ဒရှင်များသည် လျှို့ဝှက်ဆန္ဒမဲပေးခွင့်ရရှိသည်။

- စောင့်ကြည့်လေ့လာခွင့်ရခဲ့သည့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် ကြိုတင်မဲပေးမှု (၉၄%) နှင့် ကြိုတင်မဲလိုက်လံ ကောက်ယူသည့် ဖြစ်စဉ် (၉၃%) နှစ်ခုစလုံး၌ ဆန္ဒမဲပေးခဲ့သူအားလုံး၏ အမည်များကို ကြိုတင်မဲဆန္ဒရှင်စာရင်း ပုံစံ ၁၃ တွင် ရေးသွင်းခဲ့သည်။

- စောင့်ကြည့်လေ့လာမှု ပုံစံနှစ်မျိုးစလုံးတွင် ကြီးမားသော ပြဿနာများကို မတွေ့ရပါ။

- စောင့်ကြည့်လေ့လာခဲ့သည့် မြို့နယ်များရှိ ကြိုတင်မဲပေးသည့် လုပ်ငန်းစဉ်များ၏ ၉၄% တွင် Covid-19 ကူးစက်မှု အန္တရာယ် နည်းပါးစေရန် နှာခေါင်းစည်းအသုံးပြုခြင်း (၈၇%)၊ လက်သန့်ဆေးရည် အသုံးပြုခြင်း (၈၆%)၊ လူချင်းခပ်ခွာခွာနေခြင်း (၃၄%) တို့ကို မဲဆန္ဒရှင်များလိုက်နာစေရန် ကြပ်မတ်သည်ကို တွေ့ရပါသည်။

- စောင့်ကြည့်လေ့လာခဲ့သည့် ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများတွင် ကြိုတင်မဲများကောက်ယူရာတွင် ကျန်းမာရေးနှင့် ပတ်သက်၍ နှာခေါင်းစည်း (၉၄%)၊ လက်သန့်ဆေးရည် (၈၄%) နှင့် မျက်နှာကာ (၃၉%)တို့ကို ကော်မရှင်အဖွဲ့ဝင်များက အသုံးပြုခဲ့သည်ကို တွေ့ရပါသည်။ နေရာများ၏ ၃% တွင်သာ မည်သည့် ကျန်းမာရေးဆိုင်ရာ အကာအကွယ် ပစ္စည်းများကိုမှ အသုံးမပြုခဲ့သည်ကို တွေ့ရပါသည်။

- စောင့်ကြည့်လေ့လာခဲ့သည့် နေရာများအားလုံးနီးပါး (၉၉%) တွင် ကိုယ်အပူချိန်မြင့်မားသဖြင့် မဲပေးခွင့်မရပဲ ပြန်သွားရသော မဲဆန္ဒရှင် တစ်ဦးကိုမှ မတွေ့ရပါ။

- စောင့်ကြည့်လေ့လာခဲ့သည့် နေရာများ၏ ၁၃% တွင် ကြိုတင်မဲပေးရန် လိုအပ်သည့် အထောက်အထားများ မပြသနိုင်သဖြင့် မဲဆန္ဒရှင်အနည်းငယ်သည် မဲပေးခွင့်မရခဲ့ကြပါ။

- စောင့်ကြည့်လေ့လာခဲ့သော ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် အရေးကြီးသောပစ္စည်းများကို ညအချိန်တွင် လုံခြုံစွာ သိမ်းဆည်းခြင်း ရှိသည်ကိုတွေ့ရသည်။

- ကော်မရှင်အဖွဲ့ခွဲများတွင် ကြိုတင်မဲပေးခဲ့သူအများစုမှာ သက်ကြီးရွယ်အိုများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မဲရုံအဖွဲ့ဝင်များ ဖြစ်ကြသည်။ ကြိုတင်မဲ လိုက်လံကောက်ယူမှုတွင် ကြိုတင်မဲပေးခဲ့သူအများစုမှာ နာမကျန်းသူများ၊ ဆေးရုံတက်နေရသူများ ဖြစ်ကြသည်ကို တွေ့ရပါသည်။

- ကော်မရှင်အဖွဲ့ခွဲများတွင် ကြိုတင်မဲပေးခြင်းနှင့် ကြိုတင်မဲလိုက်လံကောက်ယူမှုနှစ်ခုလုံးတွင် မည်သည့် ကြီးမားသော ပြဿနာမျှ မတွေ့ရပါ။

- စောင့်ကြည့်လေ့လာခဲ့သည့် ကော်မရှင်အဖွဲ့ခွဲရုံးများ၏ ၁၁% နှင့် ကြိုတင်မဲလိုက်လံကောက်ယူမှုများ၏ ၉% တွင် မည်သည့် ပါတီကိုယ်စားလှယ်များကိုမှ ကြိုတင်မဲပေးခြင်းကို လာရောက်ကြည့်ရှုခြင်းမရှိသည်ကို တွေ့ရပါသည်။ လာရောက် ကြည့်ရှုလေ့ရှိသော ပါတီများမှာ NLD၊ USDP နှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများဖြစ်ကြသည်ကို တွေ့ရပါသည်။

## ၄။ ရွေးကောက်ပွဲနေ့စောင့်ကြည့်လေ့လာမှု

ရွေးကောက်ပွဲနေ့ဖြစ်စဉ်တစ်ခုလုံး၏ ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်နိုင်မှု၊ တာဝန်ယူမှု စသည့် အရည်အသွေးများကို စနစ်တကျ အကဲဖြတ်နိုင်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) က ကာလတိုစောင့်ကြည့် လေ့လာသူ ၁၈၈၈ ဦးကို ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကျင်းပသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုသို့ စေလွှတ်ခဲ့ပါသည်။ စောင့်ကြည့်လေ့လာသူများသည် သတ်မှတ်ထားသည့် မဲရုံများသို့ နံနက် ၅ နာရီတွင် အရောက်သွားကာ မဲရုံအပြင်အဆင် အပါအဝင် မဲပေးခြင်း၊ မဲရုံပိတ်ခြင်းနှင့် မဲရေတွက်ခြင်း စသည့် ရွေးကောက်ပွဲနေ့ ဖြစ်စဉ်တစ်ခုလုံးကို ရွေးကောက်ပွဲနေ့စောင့်ကြည့်လေ့လာမှု ပုံစံများအသုံးပြုပြီး စောင့်ကြည့် လေ့လာမှုများ ပြုလုပ်ခဲ့ကြပါသည်။ တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

### ၄.၁။ မဲရုံသို့ရောက်ရှိခြင်း၊ မဲရုံအပြင်အဆင်

- စောင့်ကြည့်လေ့လာသူအများစု (၉၅%) သည် နံနက် ၆ နာရီတွင် မဲရုံများအတွင်းသို့ ဝင်ရောက်ခွင့်ရရှိခဲ့သည်။ အစောပိုင်းတွင် မဲရုံအတွင်းသို့ဝင်ရောက်ကာ မဲရုံခင်းကျင်းပြင်ဆင်ခြင်းဖြစ်စဉ်ကို စောင့်ကြည့်လေ့လာမှုများပြုလုပ်ခွင့်မရဟု အစီရင်ခံသူ ၅% ခန့် ရှိခဲ့ပါသည်။ ဝင်ခွင့်မရသည့်အဓိကအကြောင်းအရင်းမှာ PACE အဖွဲ့ စောင့်ကြည့်လေ့လာသူများက မြို့နယ်ကော်မရှင် အဖွဲ့ခွဲများထံမှ ထောက်ခံစာကို မတင်ပြနိုင်သောကြောင့်ဖြစ်ပါသည်။ အမှန်တကယ်အားဖြင့် PACE အဖွဲ့မှာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံမှ စောင့်ကြည့်လေ့လာခွင့်အသိအမှတ်ပြုလွှာကို တစ်နိုင်ငံလုံးအဆင့်အတွက် ခွင့်ပြုချက်ရထားပြီး ဖြစ်၍ မည်သည့်အသိအမှတ်ပြုလွှာမှ ထပ်မံလိုအပ်ခြင်းမရှိချေ။။ နောက်ပိုင်းတွင်မူ ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်မှုကြောင့် အားလုံး စောင့်ကြည့်လေ့လာခွင့် ပြန်လည်ရရှိခဲ့ပါသည်။

- မဲရုံများ၏ ၇၆% တွင် ပုံစံ ၁၃ (မဲဆန္ဒနယ်တွင်း ကြိုတင်မဲစာရင်း) ကို မဲရုံအပြင်ဘက်တွင် ကပ်ထားသည်ကို တွေ့ရပါသည်။ မဲဆန္ဒနယ်တွင်း ကြိုတင်မဲပေးခဲ့သူများမှာ ပျမ်းမျှအားဖြင့် မဲဆန္ဒရှင်အားလုံး၏ ၁၅% ခန့် ရှိသည်ကို တွေ့ရပါသည်။

- မဲရုံအားလုံးနီးပါး (၉၃%) တွင် COVID-19 ကာကွယ်ရေး လမ်းညွှန်ချက်များ သိသာထင်ရှားစွာ ကပ်ထားသည်ကို တွေ့ရှိရ ပါသည်။ COVID-19 ကူးစက်မှုကိုကာကွယ်ရန်အတွက် ဘေးကင်းလုံခြုံစွာ ဆန္ဒမဲပေးနိုင်စေရေးအစီအမံများအနေဖြင့် မဲရုံ အားလုံးနီးပါး (၉၈%)တွင် လက်သန့်ဆေးရည်များ၊ ၉၃% တွင် နှာခေါင်းစည်းများ၊ ၈၇% တွင် ကိုယ်အပူချိန်တိုင်းတာခြင်းများ၊ ၈၄%တွင် လူချင်းခပ်ခွာခွာနေရန် အမှတ်အသားများ၊ ၂၃% တွင် လက်အိတ်များကို စီမံဆောင်ရွက်ထားသည်ကို တွေ့ရပါသည်။ သို့ရာတွင် မဲရုံအနည်းငယ် (၇%) တွင်သာ COVID-19 သံသယရှိသူ သို့မဟုတ် ကိုယ်ပူချိန်မြင့်မားသူများအတွက် ဆန္ဒမဲပေးရန် သီးခြားအခန်း သို့မဟုတ် သီးခြားနေရာ စီစဉ်ထားသည်ကို တွေ့ရပါသည်။

- မဲရုံမှူးများ၏ သုံးပုံနှစ်ပုံ (၆၆%) မှာ အမျိုးသမီးများ ဖြစ်ကြသည်။ ထို့အတူ မဲပေးမှုစတင်ချိန်တွင် မဲရုံအတွင်းရှိသည့် မဲရုံအဖွဲ့ဝင် များ၏ ၆၅% မှာလည်း အမျိုးသမီးများဖြစ်ကြသည်ကို တွေ့ရပါသည်။

- မဲရုံများ၏ သုံးပုံတစ်ပုံအောက် (၂၈%) တွင်သာ ဘီးတပ်ကုလားထိုင်ဖြင့်လာသော မဲဆန္ဒရှင်များအတွက် အကူအညီမပါဘဲ လာရောက်ရန် လွယ်ကူသည်ကို တွေ့ရပါသည်။ ထို့အပြင် မဲရုံအနည်းငယ် (၁၃%) တွင်သာ ဘီးတပ်ကုလားထိုင်ဖြင့်လာသော မဲဆန္ဒရှင်များအတွက် အဆင်ပြေလွယ်ကူစေရန် ဆန္ဒပြုခန်းများ ပြင်ဆင်ထားသည်ကို တွေ့ရပါသည်။

- မဲရုံအားလုံးနီးပါး (၉၃%) တွင် ရွေးကောက်ပွဲလုပ်ထုံးလုပ်နည်းများအတိုင်း မဲရုံမဖွင့်လှစ်မီကပင် ကြိုတင်မဲပုံးများ ရောက်ရှိသော် လည်း ကျန် ၇% တွင်မူ မဲပေးမှုမစတင်မီ ကြိုတင်မဲပုံးများ အချိန်မီရောက်ရှိလာခြင်းမရှိဟု စောင့်ကြည့်လေ့လာသူများက သတင်းပို့ကြပါသည်။

- မဲရုံအားလုံးနီးပါး (၉၉%) တွင် မဲရုံစတင်ဖွင့်လှစ်သည့်အချိန်၌ မဲပေးရာတွင် လိုအပ်သည့်ပစ္စည်းများ အဆင်သင့်ရှိနေပြီး မဲရုံများ၏ ၁% အောက်တွင်သာ ဆန္ဒမဲပုံးများနှင့် မဲလက်မှတ်များ အပါအဝင် ပစ္စည်းအချို့ လိုအပ်နေသည်ကို တွေ့ရပါသည်။

- မဲရုံအများစု (၈၄%) တွင် နံနက် ၆ နာရီ မှ ၆:၃၀ နာရီအတွင်း မဲပေးခြင်း စတင်ခဲ့ကြပါသည်။

### ၄.၂။ မဲပေးခြင်းဖြစ်စဉ်

- မဲရုံအများစု (၉၂%) တွင် PACE ၏ စောင့်ကြည့်လေ့လာသူများ မဲရုံအတွင်းသို့ဝင်ရောက်ခွင့်ရရှိခဲ့ပြီး မဲပေးခြင်းဖြစ်စဉ်တစ်ခုလုံးကို မဲရုံတွင်း၌နေ၍ စောင့်ကြည့်ခွင့်ရရှိခဲ့သော်လည်း မဲရုံများ၏ ၆ % နှုန်းတွင် ဖြစ်စဉ်ကို မဲရုံပြင်ပမှသာ စောင့်ကြည့်ခဲ့ရပြီး ကျန် ၂ % တွင်မူ အချို့အချိန်များတွင် မဲရုံမှထွက်ပေးခဲ့ရသည်။ စောင့်ကြည့်လေ့လာသူများ၏ ၈၆ % က ဖြစ်စဉ်တစ်ခုလုံးကို စောင့်ကြည့်

ခွင့်ရခဲ့ပြီး ၈% က မဲရုံတွင်းနေရာအချို့ကိုသာ စောင့်ကြည့်ခွင့်ရခဲ့ကြသည်ဟု သတင်းပို့ပါသည်။ မဲရုံစည်းမျဉ်းစည်းကမ်းများအရ မဲဆန္ဒရှင်များ လုံခြုံစွာ မဲပေးနိုင်စေရေးနှင့် ပြင်ပခြိမ်းခြောက်မှု၊ ဖိအားပေးမှုများ ကင်းစင်စေရန်အတွက် မဲရုံတာဝန်နှင့် မသက်ဆိုင်သူများသည် မဲရုံအတွင်းသို့ ဝင်ရောက်ခွင့်မရှိဟု ဖော်ပြထားပါသည်။ PACE ၏ စောင့်ကြည့်လေ့လာသူများက ၈၇% သော မဲရုံများတွင် မဲရုံတာဝန်နှင့် မသက်ဆိုင်သူများကို မတွေ့ရပါဟု သတင်းပို့ခဲ့ကြပြီး ဒေသအာဏာပိုင် သို့မဟုတ် ရွာလူကြီးများ မဲရုံ ၇% တွင်ရှိနေခဲ့သည့်အပြင် ရဲတပ်ဖွဲ့ဝင်များ မဲရုံများ၏ ၃% တွင် ရှိနေခဲ့ကြသည်ဟု သတင်းပေးပို့ခဲ့ကြပါသည်။

- နိုင်ငံသားများ ရွေးကောက်ပွဲတွင်ပိုမိုပါဝင်လာနိုင်စေရန်အတွက် သန့်ရှင်းမှန်ကန်တိကျသော မဲစာရင်းသည် အလွန်အရေးပါသော စီမံခန့်ခွဲမှုဆိုင်ရာ လိုအပ်ချက်တစ်ခုဖြစ်ပါသည်။ မဲရုံများ၏ သုံးပုံနှစ်ပုံ (၆၅%) ၌ မဲစာရင်းတွင် မပါဝင်သဖြင့် မဲပေးခွင့်မရသူ တစ်ဦးမှမရှိဟု စောင့်ကြည့်လေ့လာသူများက သတင်းပေးပို့ခဲ့ပါသည်။ သို့သော် မဲရုံများ၏ သုံးပုံတစ်ပုံ (၃၀%) တွင် မဲဆန္ဒရှင် အနည်းငယ် (၁- ၁၀ ဦးကြား) မဲစာရင်းတွင် ၎င်းတို့အမည် မပါဝင်သောကြောင့် မဲပေးခွင့်မရရှိခဲ့ပါ။ ထို့အတူ PACE ၏ စောင့်ကြည့် လေ့လာသူများက မဲစာရင်းတွင် အမည်မပါရှိသော်လည်း မဲပေးခွင့်ရရှိခဲ့သူအရေအတွက်အား စောင့်ကြည့်ရာတွင် မဲရုံများ၏ ၉၅% တွင် အမည်မပါရှိသော မဲဆန္ဒရှင်မည်သူ့ကိုမျှ မဲပေးခွင့်မပြုခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။ မဲရုံများ၏ ၄% တွင် မဲစာရင်းတွင် အမည်မပါသူ မဲဆန္ဒရှင်အနည်းငယ် (၁- ၁၀ ဦးကြား) မဲပေးခွင့်ရရှိခဲ့ကြောင်း သတင်းပေးပို့ခဲ့ကြပါသည်။

- ဤရွေးကောက်ပွဲသည် COVID-19 ကပ်ဘေးကာလအတွင်း ကျင်းပသော ရွေးကောက်ပွဲဖြစ်သောကြောင့် ပြည်သူများ ဘေးကင်း လုံခြုံစွာ ဆန္ဒမဲပေးနိုင်စေရေးအတွက် ဆောင်ရွက်ကြိုးပမ်းရသည်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ များနှင့် မဲရုံတာဝန်ရှိသူများ ကြုံတွေ့ရသော စိန်ခေါ်မှုကြီးတစ်ခုပင် ဖြစ်ပါသည်။ စောင့်ကြည့်လေ့လာစဉ်အတွင်း ကိုယ်အပူချိန် မြင့်မားနေသောကြောင့် မဲပေးခွင့်ဆုံးရှုံးခဲ့သော မဲဆန္ဒရှင်အနည်းငယ်သာရှိကြောင်း တွေ့ရှိခဲ့ရပါသည်။ COVID-19 ရောဂါ ကူးစက်မှု ကာကွယ်ရေး အစီအမံများအနေဖြင့် မဲဆန္ဒရှင်များအား မဲပေးစဉ်ကာလအတွင်း နှာခေါင်းစည်းများ တပ်ထားစေရန် စည်းကြပ်ဆောင်ရွက်မှုများကို မဲရုံများ၏ ၉၅% တွင် တွေ့ရှိခဲ့ရပါသည်။ ဘေးကင်းလုံခြုံမှု အစီအမံတစ်ခုအနေဖြင့် တစ်ဦးနှင့်တစ်ဦး ၆ ပေခွာ၍ တန်းစီရန် ညွှန်ကြားချက်အတိုင်း မဲရုံ ၇၂ % တွင် အချိန်ပြည့် လိုက်နာဆောင်ရွက်ခဲ့ပါသည်။ PACE ၏ စောင့်ကြည့်လေ့လာသူများက ၈၂% သော မဲရုံများတွင် မဲရုံဝန်ထမ်းများအားလုံးသည် နှာခေါင်းစည်းနှင့် လက်အိတ်များ အချိန်ပြည့်ဝတ်ဆင်ထားကြောင်း လေ့လာတွေ့ရှိခဲ့ကြပါသည်။

- အချိန်မီရောက်ရှိလာသော မဲဆန္ဒရှင်များအားလုံး ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အတွက် မဲရုံတာဝန်ရှိသူများသည် မဲရုံပိတ်ချိန်၌ တန်းစီနေသူများအားလုံးကို ရွေးကောက်ပွဲနည်းဥပဒေအရ မဲပေးခွင့်ပြုရမည်ဖြစ်သည်။ စောင့်ကြည့်လေ့လာမှုမှ တွေ့ရှိချက်များ အရ မဲရုံများ၏ ၈၅% တွင် ညနေ ၄နာရီ မဲရုံပိတ်ချိန်၌ တန်းစီနေသော မဲဆန္ဒရှင်တစ်ဦးမှမရှိဘဲ မဲရုံများ၏ ၁၅% တွင် ညနေ ၄နာရီ မဲရုံပိတ်ချိန်၌ တန်းစီနေသော မဲဆန္ဒရှင်အားလုံး မဲပေးခွင့်ရရှိခဲ့ကြပါသည်။

### ၄.၃။ မဲရုံပိတ်ခြင်းနှင့် မဲရေတွက်ခြင်းဖြစ်စဉ်

- မဲရုံအားလုံးနီးပါး (၉၉%)တွင် စောင့်ကြည့်လေ့လာသူများ၊ မဲရုံကိုယ်စားလှယ်များ၊ မျက်မြင်သက်သေများကို မဲရုံပိတ်ပြီးချိန် နောက်ပိုင်း မဲရေတွက်မှုကို စောင့်ကြည့်လေ့လာနိုင်ရန် မဲရုံအတွင်း ဆက်လက်နေခွင့်ပြုပါသည်။

- မဲရုံအားလုံးနီးပါး (၉၅%)တွင် မဲရေတွက်ရာ၌ မဲလက်မှတ်ပေါ်မှ မဲပေးထားသည့် အမှတ်အသားများကို ထင်ရှားစွာ မြင်ရပါသည်။

- မဲရုံအားလုံးနီးပါး (၉၉%) ၌ ပယ်မဲများဆုံးဖြတ်ရာတွင် ရှေ့နောက်ညီညွတ်မှုတမှု ရှိကြသည်။

- မဲရေတွက်ချိန်တွင် မဲရုံများအားလုံးနီးပါး၌ ပါတီ (သို့) ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များ ရှိသည်ကို တွေ့ရပါသည်။  မဲရုံများ၏ ၉၁% တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ မဲရုံကိုယ်စားလှယ်များရှိနေကြပြီး၊ မဲရုံများ၏ ၉၂% တွင် အခြားပါတီများ၏ မဲရုံကိုယ်စားလှယ်များ မဲရေတွက်မှုကို စောင့်ကြည့်နေခဲ့ကြသည်။

- မဲရုံအားလုံးနီးပါး (၉၈%) တွင် မဲရေတွက်ပြီးနောက် မဲလက်မှတ်များနှင့် ပုံစံများကို ဆာလာအိတ်များအတွင်းသို့ ထည့်ပြီး ချိတ်ပိတ်ခဲ့ပါသည်။

- မဲရုံအားလုံးနီးပါး (၉၄%) တွင် မဲရေတွက်ပြီးနောက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များအတွက် မဲရလဒ်ပုံစံ (ပုံစံ-၁၆) ကို အများပြည်သူကြည့်ရှုနိုင်ရန် ကပ်ထားသည်ကို တွေ့ရပြီး မဲရုံ ၉၃% တွင် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော် အတွက် မဲရလဒ်ပုံစံ (ပုံစံ-၁၆) များကပ်ထားသည်ကိုတွေ့ရပါသည်။

- မဲရုံအားလုံးနီးပါး (၉၈%) တွင် မဲရေတွက်နေစဉ် မည်သည့် ခြိမ်းခြောက်မှုများ၊ နှောင့်ယှက်မှုများနှင့် ဝင်ရောက်စွက်ဖက်မှုများကို မတွေ့ရချေ။

- မဲရုံအများစု (၉၁%) တွင် မည်သည့် နိုင်ငံရေးပါတီ (သို့) ကိုယ်စားလှယ်လောင်း၏ မဲရုံကိုယ်စားလှယ်များကမှ မဲရေတွက်မှုနှင့် ပတ်သက်ပြီး မဲရုံတာဝန်ရှိသူများကို စောဒကတက်မှုများ ပြုလုပ်သည်ကို မတွေ့ရချေ။  သို့သော် မဲရုံများ၏ ၆% တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ၅% တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ၁% အောက်တွင် တိုင်းရင်းသားပါတီနှင့် ၁% တွင် အခြားပါတီနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းတို့၏ မဲရုံကိုယ်စားလှယ်များက စောဒကတက်မှုများ ရှိကြသည်။

## ၅။ မဲရလဒ်စာရင်းပြုစုခြင်းကို စောင့်ကြည့်လေ့လာခြင်း

နိုဝင်ဘာလ ၈ ရက် မဲပေးခြင်းဖြစ်စဉ်ပြီးဆုံးပြီး မဲရုံများပိတ်ပြီးနောက် မဲရလဒ်စာရင်းပြုစုခြင်းကို စောင့်ကြည့်လေ့လာနိုင်ရန် စောင့်ကြည့် လေ့လာသူ ၃၀၅ ဦးကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး ၃၀၅ ရုံးသို့ စေလွှတ်ခဲ့ပါသည်။ ယခုအချိန်တွင် PACE အနေဖြင့် ကာလရှည်စောင့်ကြည့် လေ့လာသူ ၃၀၁ ဦးထံမှ သတင်းပေးပို့ချက်များ လက်ခံရရှိပြီးဖြစ်ပါသည်။ စောင့်ကြည့်လေ့လာခဲ့သည့် နေရာ ၆၂ နေရာတွင် မဲရလဒ်စာရင်း ပြုစုခြင်း ဖြစ်စဉ်များ ယမန်နေ့ညတွင် အပြီးသတ်နိုင်ခဲ့ပါသည်။ စောင့်ကြည့်လေ့လာသူများက ကျန်ရှိနေသည့် မြို့နယ်များတွင် မဲရလဒ် စာရင်းပြုစုခြင်းဖြစ်စဉ်ကို ဆက်လက်စောင့်ကြည့်လျက်ရှိပါသည်။

- ရရှိထားသည့်အချက်အလက်များအရ စောင့်ကြည့်လေ့လာသူများအနေဖြင့် ကော်မရှင်အဖွဲ့ခွဲအားလုံးရှိ မဲရလဒ်ပြုစုခြင်း ဖြစ်စဉ် ကို စောင့်ကြည့်လေ့လာခွင့်ရခဲ့ကြပါသည်။ သို့သော် ၁၈ မြို့နယ်တွင် မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲများရေတွက်ရာတွင် မဲပေးထား သည့် အမှတ်အသားများကို ထင်ထင်ရှားရှားမမြင်တွေ့ရပါဟု သတင်းပို့ပါသည်။

- ပုံစံ-၁၆ မှ မဲရလဒ်များကို ပုံစံ-၁၉သို့ ကူးယူရာတွင် အသေးအဖွဲအပြောင်းအလဲ ပြုလုပ်မှုအချို့မှလွဲ၍ ကြီးမားသည့် အပြောင်းအလဲ ပြုလုပ်ခြင်းမရှိကြပါ။

- ကိုယ်စားလှယ်လောင်း၏ ကိုယ်စားလှယ်များက ယမန်နေ့မဲရလဒ်များစုစည်းသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများ အားလုံးတွင် ရှိနေကြပါသည်။ ၁၃ နေရာတွင်မူ ရလဒ်များစုစည်းသည့် ဖြစ်စဉ်အတွင်း စောဒကတက် အငြင်းပွားမှုများရှိခဲ့ကြပါသည်။ NLD ပါတီနှင့် USDP ပါတီမှ ကိုယ်စားလှယ်များက အများဆုံးစောဒကတက်ခဲ့ကြပြီး တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ စောဒကတက်မှုမှာ ဒုတိယအများဆုံးဖြစ်သည်ကို တွေ့ရပါသည်။

- စောင့်ကြည့်လေ့လာမှုပြုလုပ်ခဲ့သည့်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အားလုံးတွင် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် အရေးကြီး ပစ္စည်းများဖြစ်သည့် ပုံစံများ၊ ဆန္ဒမဲ လက်မှတ်များ၊ မဲရလဒ်ပုံစံများကို လုံခြုံစွာသိမ်းဆည်းထားကြသည်ကိုတွေ့ရပါသည်။

လက်ရှိတွင် မြို့နယ်ကော်မရှင်အဖွဲ့များတွင် မဲရလဒ်စုစည်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံသားအားလုံးအနေဖြင့် မဲရလဒ်များ စုစည်းပြီးသည်အထိ ငြိမ်းချမ်းစွာ စောင့်ဆိုင်းကြရန် လိုအပ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကော်မရှင်အဖွဲ့ခွဲများက ကျန်ရှိနေသည့် မဲရလဒ်စုစည်းခြင်းလုပ်ငန်းစဉ်များနှင့် အငြင်းပွား မှုများကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာမှု အပြည့်အဝရှိရေးကို အာမခံပေးရန်လိုအပ်ပါသည်။

## ၆။ စောင့်ကြည့်လေ့လာမှုနည်းစနစ်

### ၆.၁။ ရွေးကောက်ပွဲနေ့စောင့်ကြည့်လေ့လာခြင်း (နမူနာရွေးထုတ်စောင့်ကြည့်လေ့လာခြင်းနည်းစနစ်)

ရွေးကောက်ပွဲနေ့တွင် အထွေထွေရွေးကောက်ပွဲကျင်းပရာ နယ်မြေများရှိ မဲရုံ ၄၉၈ ခု ကို စောင့်ကြည့်လေ့လာရန်အတွက် PACE အဖွဲ့မှ ကာလတိုစောင့်ကြည့်လေ့လာသူစုစုပေါင်း ၉၉၆ ဦးကို နေရာဖြန့်ချထားခဲ့ပါသည်။ ရွေးကောက်ပွဲနေ့ကို စနစ်တကျ စောင့်ကြည့်လေ့လာ နိုင်ရန် နမူနာရွေးထုတ်စောင့်ကြည့်လေ့လာခြင်း Sample-Based-Observation (SBO) နည်းစနစ်ကို အသုံးပြုခဲ့ပါသည်။ နမူနာရွေးထုတ် စောင့်ကြည့်လေ့လာမှုဆိုသည်မှာ တိကျခိုင်မာသည့် စာရင်းအင်းပညာဆိုင်ရာ စည်းမျဉ်းဥပဒေသများနှင့် သတင်းအချက်အလက်နည်းပညာ ကို အသုံးပြုပြီး ကြားဖြတ်ရွေးကောက်ပွဲကျင်းပသည့် မဲဆန္ဒနယ်မြေများကို ကိုယ်စားပြုသော နမူနာမဲရုံများကို ရွေးထုတ်စောင့်ကြည့် လေ့လာသည့် နည်းစနစ်ဖြစ်သည်။ ဤနည်းစနစ်တွင် မဲပေးခြင်းနှင့် မဲရေတွက်ခြင်း ဖြစ်စဉ်များနှင့် ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ တိကျသေချာသော အချက်အလက်များကို ရယူရန်နည်းလမ်းလည်း ပါဝင်ပါသည်။ နမူနာရွေးထုတ်စောင့်ကြည့်လေ့လာခြင်း (SBO) နည်းစနစ်အရ ယခုရွေးကောက်ပွဲတွင် မဲဆန္ဒနယ်မြေအားလုံးရှိ မဲရုံအားလုံးကို ကိုယ်စားပြုနိုင်သည့် နမူနာမဲရုံ ၄၉၈ ခုကို ကျပန်းနည်း ဖြင့်ရွေးထုတ်ခဲ့ပြီး ကာလတိုစောင့်ကြည့်လေ့လာသူများ စေလွှတ်ခဲ့ပါသည်။ ထို့အပြင် နိုင်ငံရေးအရဖြည့်စွက်လေ့လာမှု ပြုလုပ်ရန်အတွက် ကာလတိုစောင့်ကြည့်လေ့လာသူ ၈၈၆ ဦးကို မဲရုံ ၄၆၃ ခုသို့လည်း အပိုထပ်ဆောင်းစေလွှတ်ခဲ့ပါသည်။

စောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲများကျင်းပသည့် နိုဝင်ဘာလ ၈ ရက်တွင် သတ်မှတ်ထားသည့် မဲရုံများသို့ နံနက် ၅ နာရီအရောက်သွားပြီး မဲရုံများမဖွင့်လှစ်မီ မဲရုံများပြင်ဆင်ခြင်း၊ ထို့နောက် မဲပေးခြင်း၊ မဲရေတွက်ခြင်း၊ မဲရလဒ်များ ထုတ်ပြန် ကြေညာခြင်း နှင့် ရလဒ်များကို မဲရုံတွင်ကပ်ထားခြင်း စသည့်ရွေးကောက်ပွဲနေ့ဖြစ်စဉ်တစ်ခုလုံးကို စောင့်ကြည့်လေ့လာစေပါသည်။ စောင့်ကြည့်လေ့လာ နေစဉ် တွေ့ရှိချက်များကို ရန်ကုန်မြို့ရှိ အချက်အလက်စင်တာ (Data Center) သို့ သတ်မှတ်ထားသော အချိန်များအတိုင်း ၅ ကြိမ် SMS ပေးပို့ပြီး စောင့်ကြည့်လေ့လာမှုမှ တွေ့ရှိချက်များကို အစီရင်ခံကြပါသည်။ စောင့်ကြည့်လေ့လာမှုမှ အနည်းဆုံး အချက်အလက် ၃၀,၈၀၀ ခန့် ကို အချက်အလက်စင်တာသို့ပေးပို့ကာ ဆန်းစစ်လေ့လာမှုများပြုလုပ်နိုင်ခဲ့ပါသည်။

### ၆.၂။ မဲရလဒ်စုစည်းခြင်းနှင့် မဲဆန္ဒနယ်တွင်းကြိုတင်မဲစောင့်ကြည့်လေ့လာခြင်း

PACE အဖွဲ့က မဲရလဒ်များစုပေါင်းသည့် ဖြစ်စဉ်ကို လေ့လာနိုင်ရန် ကာလရှည်စောင့်ကြည့်လေ့လာသူ ၃၀၅ ဦးကို မြို့နယ် ၃၀၅ ခုသို့ စေလွှတ်ခဲ့ပါသည်။ မဲရလဒ်များစုပေါင်းခြင်း လုပ်ငန်းစဉ်တစ်ခုလုံးကို စောင့်ကြည့်လေ့လာနိုင်ရန် ကာလရှည်စောင့်ကြည့်လေ့လာသူများကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများသို့ နိုဝင်ဘာလ ၈ ရက်နေ့တွင် နေ့လည် ၃း၃၀ နာရီ အရောက်သွားကာ မဲရလဒ်စုပေါင်းခြင်းဖြစ်စဉ်ကို စောင့်ကြည့်လေ့လာစေပါသည်။ အကယ်၍ မဲရလဒ်စုပေါင်းခြင်းလုပ်ငန်းများ နိုဝင်ဘာလ ၈ ရက်တွင် မပြီးစီးပါက နိုဝင်ဘာလ ၉ ရက်တွင် ဆက်လက်စောင့်ကြည့်လေ့လာရန် ညွှန်ကြားထားပါသည်။

ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင်ပြုလုပ်သည့် မဲဆန္ဒနယ်တွင်းကြိုတင်မဲပေးခြင်းဖြစ်စဉ်ကို စောင့်ကြည့်လေ့လာနိုင်ရန် အတွက် PACE အဖွဲ့က ကာလရှည်စောင့်ကြည့်လေ့လာသူ ၃၀၅ ဦးကို မဲဆန္ဒနယ် ၃၀၅ ခု သို့ စေလွှတ်ကာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများတွင် ပြုလုပ်သည့် ကြိုတင်မဲပေးခြင်းနှင့် မဲဆန္ဒနယ်အတွင်းလိုက်လံကောက်ယူသည့် ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ် ၂ ခုလုံးကို စောင့်ကြည့်လေ့လာမှု ပြုလုပ်ခဲ့ပါသည်။ အဓိကအားဖြင့် နိုဝင်ဘာလ ၈ ရက်နှင့် ၉ ရက်နေ့များတွင်ပြုလုပ်သည့် ကြိုတင်မဲပေးခြင်းကိုသာ စောင့်ကြည့်လေ့လာမှုပြုလုပ်ခဲ့ပါသည်။

**ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့ (People's Alliance for Credible Elections - PACE**) သည် အစိုးရမဟုတ်သော လွတ်လပ်ပြီး အမှီအခိုကင်းသည့် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အရပ်ဘက်အဖွဲ့အစည်းတစ်ဖွဲ့ ဖြစ်သည်။ ရွေးကောက်ပွဲဖြစ်စဉ်တွင် ပြည်သူပြည်သားများ၏ အခွင့်အရေးကို ကာကွယ်ခြင်းနှင့် ၎င်းတို့ ကိုယ်တိုင် ပါဝင်လှုပ်ရှားလာရေးတို့ကို မြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီ အင်စတီကျူးရှင်းများ ပိုမိုအားကောင်းခိုင်မာလာရေးကို ရည်မှန်းကာ ၂၀၁၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ ရွေးကောက်ပွဲဖြစ်စဉ် တစ်ခုလုံးကို တစိုက်မတ်မတ် လေ့လာပြီး၊ ပြည်သူပြည်သားအားလုံး ပါဝင်နိုင်မှု၊ ရွေးကောက်ပွဲဖြစ်စဉ် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ကို မြှင့်တင်ရန်အတွက် ရွေးကောက်ပွဲနှင့် ပြည်သူ့နီတိဆိုင်ရာ အသိပညာပေးလုပ်ငန်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးလုပ်ငန်းနှင့် ရွေးကောက်ပွဲပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းတို့ကို အဓိကထားဆောင်ရွက်ပါသည်။

လူ့အခွင့်အရေးကို တန်ဖိုးထားပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းပါ ပြဋ္ဌာန်းချက်များနှင့် အညီ လူမျိုး၊ ဘာသာ၊ ကျား-မ ခွဲခြားမှုမရှိစေဘဲ ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် နိုင်ငံနှင့် နယ်နိမိတ်ပေါင်း ၈၉ ခုမှ ဘက်မလိုက်သည့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး အဖွဲ့အစည်းပေါင်း ၂၅၁ ခုက သဘောတူ လက်မှတ်ရေးထိုးထားသည့် "ဘက်မလိုက်သော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ လိုက်နာရမည့် ကမ္ဘာလုံးဆိုင်ရာ ကြေညာစာတမ်း (Declaration of Global Principles for Nonpartisan Election Observation and Monitoring by Citizen Organizations)"[4] ကို ၂၀၁၄ ခုနှစ်တွင် ပါဝင် လက်မှတ်ရေးထိုးခဲ့ပြီး GNDEM (the Global Network of Domestic Election Monitors) ၏ အဖွဲ့ဝင်လည်းဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက www.pacemyanmar.org


ဆက်သွယ်ရန်။ ။ **နေခြည်၊ ၀၉ ၇၉၇၉၆၉၆၉၄၊ neichiminn@pacemyanmar.org**

အမှတ် ၁၄၊ စံရိပ်ငြိမ် ၅ လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်


4 http://www.gndem.org/declaration-of-global-principles